**ဆရာတော် အရှင်ရေဝတ**
၏
သက်တော် (၅၃)နှစ်ပြည့်
**"ဝိဇာတမွေးနေ့မင်္ဂလာ ဂုဏ်ပြုပူဇော် ကဗျာလွှာ"**

♦ တစ် စက်တင်ဘာ ခုနှစ်ဆယ့်တစ်
ခရစ်သက္ကရာဇ်မှာ
ခမည်းတော် ဦးသာထွန်း
မိမယ်တော် ဒေါ်မြစိန်မှ
အင့မမြောက် သားရတနာ မွေးဖွားချဲ့လာ . . .
မွေးချင်းရယ် ကိုးယောက်မှ ထွန်းပေါက်ရ ရတနာ
နောင်အခါမှာ 'အရှင်ရေဝတ'ရယ်လို့
မည်တွင်မယ့် အာဇာနည့်သံဃာ
ထင်ရှားပေါ်လာ . . .။

♦ ရဟန်းဝါ နှစ်ဆယ့်ငါး အသက်တော် ၅၃-နှစ်မှာ
ထွန်းလင်းရှိန်ဝါ
တက်သစ်စ နေမင်းပမာ
ဂုဏ်သတင်းစွာ ဓမ္မသင် စွမ်းတာကြောင့်
ဓမ္မမင်တဲ့ ပရိသတ်တစ်ဖြာ
အဝေးအနီးမှ စုံစွာ ရောက်လာရတာ
အဟုတ်ပ အသေအချာ ထောက်မတဲ့ ပါရမီသမ္ဘာ။

♦ ကွဲပြားသည် ပရိသတ်အစုံမှာ
တရားသဘော ဝေဆာ
ဘုရားဟောလာ ပဋ္ဌိပတ်ဒေသနာကို
ဟောပြတာ သစ္စာသိစေဖို့
ခန္ဓာဉာဏ် အသိထက်စေဖို့
သူပြုတာ သာသနာ
သူဟောတာ ဓမ္မဒေသနာ
ကြီးမားတဲ့ မေတ္တာ
ထူးခြားတဲ့ စေတနာ
အေးမြတဲ့ အသံတော်မှာ
ပေါ်လွင်တာ ဆရာအရှင်ပဲပေမို့ စာတင်လိုက်တာ။

♦ ရံတစ်ခါ လျှောက်သနော် . . .
ဉာဏ်နုံ့တဲ့ တပည့်တော် ခက်ခဲတဲ့ တရားတော်
ပျက်ယွင်းတဲ့ စိတ်တော်ပေါ်
တပည့်တော်ကို အိမ်ပြန်ခွင့် ပေးပါ ဘုရားရယ်လို့
လျှောက်ထားကြ ဖိုးဖွားအိုဇရာ
ပြီးလို့သာ ဆိုတာ
တိုးပွားစေတာ ထိုဆရာတော့် စကားတွေပဲမို့
ခွန်အားတွေ ပြည့်ကာ
ပြန်လိုတဲ့ စိတ်မဟာ ပျောက်ပျက်ပြန် တစ်ခါ . . .။

♦ သင်လိုတာ တရားပဲပေမို့ အားထည့်လို့ ဆန္ဒာ
တရားတက်လို့ သာယာ
ဒီဆရာတော့် မေတ္တာသဘာမှ
မေတ္တာစာ ထွက်လာ
"သမာဓိ ထူထောင်ချိန်မှာ
အချိန်ကြာ မကြာ ရှိကြပေသမို့
သိကြဖို့လိုတာ၊
ဖြည့်ခဲ့တဲ့ ပါရမီသမ္ဘာ
မတူတာ မတူပါ . . .
မတူတာ မတူဘူးရယ်လို့
သိကြပါ အဖိုးအဖွား အိုဇရာ
ကြိုးစားလို့နေတာ အသိပေမို့
လေးနက်တဲ့ ဒီသာသနာမှာ
လေးနက်တဲ့ ဒီအလုပ်မှာ
ကြိုးစားကာ အားထုတ်ပါ ဝမ်းမြောက်ဝမ်းသာ
ထုပ်ပါ ရိက္ခာ ဒီတစ်သက်တာ။

♦ အခက်ဟာ တစ်သက်တာ သေချိန်ကျ
တရားမရှိတဲ့ မျက်နှာ
ကျရတဲ့ မျက်ရည်ဟာ
ပူလောင်ရ အဖိုးအဖွား အိုဇရာ
ကိုးစားစရာ တရားသာ ရှိတာမို့
ဆက်ကြဟဲ့ ဒီနေရာမဟာ
တစ်ခုတည်းသော သမာဓိအာရုံဟာ
ကိုးစားရာပါ၊
ရှုကြပါ ပြုကြပါ ဆန္ဒာ
အကျိုးမပါတဲ့ ရိုးရာ စကားတွေနဲ့
စိတ်အားငယ် မနေကြစေနဲ့ရယ်လို့
အိုပယ်အပေါင်းကို မပယ်ပေါင်းလို့ ဆိုတာ တို့ဆရာ" . . .။

♦ နူးညံ့တဲ့ အသံသြဇာ
နွေးထွေးတဲ့ စကားလုံးမဟာ
လေးနက်တဲ့ ဓမ္မဒေသနာများဟာ
အညို့ဓာတ်ကြီးတဲ့ စပါးကြီးမြွေပမာ
ညို့ယူနေတာ . . .၊
ထိုဓာတ်တွေ ဓမ္မမှာ ရှိတာမို့
ထိုဓမ္မတွေ ဆရာ့မှာ ရှိလို့မို့
တရားအသိတို့ ယို့ .
ဓမ္မအသိဖြင့် ပျို
ပြိုသွားတဲ့ ရုပ်အိုမှာ
ပျိုမြစ်တဲ့ တရားအရသာဟာ
အားရစရာတစ်ဖြာ
တရားရတာ အားပါတဲ့ ဓမ္မစကားတွေကြောင့်
အရည်ပျော်ကြ တပည့်များခမျာ ဓမ္မရဲ့သဘောမှာ။

♦ ရံတစ်ခါ လျှောက်ပြန်သနော် . . .
ဉာဏ်နုံ့တဲ့ တပည့်တော်
ခက်ခဲတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်
သိဖို့ငါ မစွမ်းနိုင်သော်
တပည့်တော် မစွမ်းနိုင်တော့ပါ ဘုရားရယ်လို့
အားလျော့လို့ လျှောက်သနော် . . .
ခက်ခဲတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်
သိဖို့ရန်လိုသနော်
အဆုံးအပိုင်းအခြားတည်းဟူသော သံသရာကို
မသိသူမှာ မပြုနိုင်ဘူးရယ်လို့
သိသူသာ ပြုနိုင်လိမ့်မယ်လို့
မိန့်မှာတဲ့ ဘုရားစကားတော်
ထိပ်ထားလို့ ပန်သနော်
အပြိုးအားဖြင့် ဆိုသနော်
စိတ်အားတိုးစေပြန်သော်
သမာပတ်အဆွေ အဖော်ဖြစ်ပါလို့
၁၄-မျိုးသောအချင်းအရာဖြင့်နော် ရှုခွင့်ရသော်
တစ်မျိုးတစ်မျိုးကို တစ်ထောင်တစ်ထောင့် အရောက်နော်
အခေါက်ခေါက် အခါခါနော်
ပေါက်ပေါက် မြောက်မြောက် ဆရာတော်
စောင့်ရှောက်ကာ သင်ပြတာမို့
နှစ်မကြာ အတိတ်ကမ္ဘာ တသီကြီးကိုပ

မှန်မြန်စွာ သိမြင်ရသမို့
ဝမ်းမြောက်ရသနော်
ဆရာတပည့် ဟန်ချက်ညီသနော်
လေးနက်လှတဲ့ ဒီသာသနာတော်။

- ထူးမြတ်သည့် အချိန်အခါ ဟောပြဖို့ အခွင့်ဟာ
ရောက်ရောက်လာ သာသနာမှာ
ဒါဟာ သာသနာ့တာဝန်မို့
စောင့်ရှောက်ကာ ယူရအခါခါ
ရောက်လာတဲ ကမ္ဘာ့သဟာ
မတူကြတဲ့ ဘာသာ အသုံးမှာ
ဟောကြားရ သုံးဘာသာ အင်္ဂလိပ် ထိုင်း မြန်မာ
အသုံးမတူတဲ့ ဘာသာ အသုံးအကူနဲ့
တူညီတဲ့ ဓမ္မသဘော သဘာဝကို
ဟောပြခွင့်ရှာ
မမောပါ တရားကို ပြောရတာမို့
ပြောမဝနိုင်တဲ့ ဒို့ဆရာ
ဟောပြပိုင်တဲ့ ဓမ္မဆရာ
ဆရာ့စိတ်ထား အမှန်မှာ
ကြားရသူ ဉာဏ်မှာ စွဲစေဖို့သာပ
ပရိတ်သတ်တွေ ဉာဏ်သက်ဝင်ဖို့ပါဟ
ကြီးမားတဲ့ စေတနာများရယ်နဲ့
ရွေးချယ်တဲ့ ဘာသာအသုံးတွေကြောင့်
အကျိုးကြီးမားအခါခါ တပည့် တပည့်တွေမှာ။

- ပါရမီ မရင့်သေးသူ လူမမယ်
လက်ဆွဲကာ ဒီဆရာခေါ်တယ် မေတ္တာဖြင့်ကွယ်
လိုက်နိုင်သူ ပါရမီရှင်များကိုလ
လျှောက်လမ်းထက် တင်ကာကွယ် မဂ္ဂင်ရှစ်သွယ်
သမထ-ဝိပဿနာနယ်
ဖြစ်ကြတဲ့ သမာဓိတွေရယ်
သိကြတဲ့ ရုပ်နာမ် ပရမတ်ရယ်ကြောင့်
ဟန်ပါဘိ သစ္စာနယ်ပယ်
အကြိတ်အနယ် လက္ခဏာတွေ ကြိတ်ချေခွင့်ရကြလို့
တစ်ဖက်ကမ်းကို လှမ်းမြင်သူတကယ် ရှိကုန်ပြီကွယ်
သိကုန်ပြီကွယ်
နိဗ္ဗာန်သို့သွားရာလမ်း ဒါ တစ်ကြောင်းတည်းသောလမ်း။

- စုပေါင်းကာ လျှုဒါန်းခွင့်က
ရှည်လျားတဲ့ ဒီကျောင်းလမ်းကြောင့်ရ
ဒီလမ်းပျို ဦးတိုက်နေသလို သိမ်တော်ကြီးကို
ဆောင်းမိုးနွေ များဝေနေ ရောက်လာကြသလေ
အေးချမ်းစွာ ထိုလမ်းရှည် လျှောက်နိုင်သလိုပေ
ရောက်လာတဲ့ ယောဂီတွေ
ချမ်းသာစွာ တရားအားထုတ်နိုင်ဖို့
အေးချမ်းစွာ သီတင်းသုံးနိုင်ဖို့
ဖြောင့်ဖြူးစွာ ကျင့်သုံးနိုင်ဖို့
ယူလိုက်တဲ့ တာဝန်တွေ
ကျေလိုက်တဲ့ ဝန်တာတွေ
ဝေလိုက်တဲ့ စေတနာတွေကို
လိုက်ရှာလျှင် ကမ္ဘာမှာ တွေ့နိုင်ဘူးရယ်လို့
ဩချရသူတွေ
ကျောင်းဒါယကာ ကျောင်းဒါယိကာမကြီးတို့ပေ။

- များဝေနေ ချမ်းသာရောက်စေဖို့
ဦးဆောင်တဲ့ ဒီဆရာတော်
ဆရာတော်နှင့် တကာတော်
ညီညွတ်ကာ သာသနာပြုနေကြတာမို့
တစ်ကြောင်းတည်းသော လမ်းပေါ်
လျှောက်လှမ်းခွင့် ရဖို့နော် ဆရာအရှင် ဆွဲခေါ်
နွဲ့ပျော်ပျော် ဓမ္မသဘင်ပွဲတွေကြောင့်
တွဲလက်တော် ဓမ္မအမြင် စွမ်းတော်ကြောင့်
ဂုဏ်ကြီးတဲ့ ဆရာတော် ချီးမွမ်းကြသနော်
ဦးခိုက်ကြ အခါခါနော် ကြည်ညိုကြသနော်. . .
ဒို့များရဲ့ဆရာတော်
ဟဲဟိုး-ဖားအောက်တောရ ပဓာနဆရာတော်
အသက်ရာကျော် ရှည်စေသော် (ဝ်)
သက်တော်ရာကျော် ရှည်ပါစေသော်(ဝ်)

ရေးဖွဲ့ပူဇော်သူ
ယောဂီ
ဒေါ်သက်သက်ဆွေ
၆. ၈. ၂၀၂၄ ရက်နေ့။



ဟဲဟိုး-ဖားအောက်တောရ ဦးစီးပဓာန ဆရာတော်

**ဆရာတော် အရှင်ရေဝတ**

၏

သက်တော် (၅၃)နှစ်ပြည့်

**"ဝိဇာတမွေးနေ့မင်္ဂလာ ဂုဏ်ပြုပူဇော် ကဗျာလွှာ"**

၁. ၉. ၂၀၂၄ မွေးနေ့ အမှတ်တရ